*J. Myanmar Acad. Arts Sci. 2023* **Vol. XXI. No.4**

# တစ်ကွက်ကောင်းကာတွန်းများတွင် တွေ့ရသော နှစ်ဖက်သွားအနက်ဖြင့် ဟာသဖန်တီးမှု အတတ်ပညာ

ဖြူဖြူငြိမ်းသွယ်*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် တစ်ကွက်ကောင်းကာတွန်းများတွင်တွေ့ရသော နှစ်ဖက်သွားအနက်များကို လေ့လာဖော်ထုတ်ထားသော စာတမ်းဖြစ်သည်။ ထိုသို့လေ့လာရာတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လူမှုကွန်ရက်များတွင် တွေ့ရသော ကာတွန်းများကိုအလေ့လာခံ အဖြစ်ရွေးချယ်၍ ထိုကာတွန်းများတွင် တွေ့ရသော နှစ်ဖက်သွားအနက်ကို သိစေလိုသောကြောင့် သုတေသနပြုရခြင်းဖြစ်သည်။ သုတေသနပြုရာတွင် နှစ်ဖက်သွားအနက် ထင်ဟပ်သော စကားလုံးများကြောင့် လူမှုပတ်ဝန်းကျင်တွင် မည်သို့အကျိုးသက်ရောက် သနည်းဟူသော သုတေသန မေးခွန်းဖြစ်လာပါသည်။ ထိုမေးခွန်းကို အဖြေရှာရန်အတွက် အနက်အဓိပ္ပာယ်ဆိုင်ရာ သီအိုရီများကိုအခြေခံ၍ လေ့လာတင်ပြထားပါသည်။ သုတေသနနည်းနာအဖြစ် ရှိပြီးအချက်အလက် များအပေါ် အခြေခံ၍ လေ့လာသောနည်းကို အသုံးပြုထားပါသည်။

**သော့ချက်ဝေါဟာရများ။** တစ်ကွက်ကောင်းကာတွန်း၊ နှစ်ဖက်သွားအနက်၊ ဟာသဖန်တီးမှု၊ အတ္ထဗေဒ။

## နိဒါန်း

ကာတွန်းကိုလူတိုင်းနှစ်သက်ကြသည်။ ကာတွန်းတွင် ကဏ္ဍအလိုက် အမျိုးအစားခွဲကြပါသည်။ ကာတွန်း သည် ဆက်သွယ်ရေး သို့မဟုတ် ဖော်ပြမှုပုံစံတစ်မျိုးဖြစ်သည်။ ကာတွန်းရေးဆွဲသူများသည် အဖြစ်အပျက်များ သို့မဟုတ် အဖွဲ့အစည်းများနှင့်ပတ်သက်သော အကြောင်းအရာများကို လူအများသိစေရန် ကာတွန်းဖြင့် ပေးပို့ လေ့ရှိသည်။ ထိုသို့ပေးပို့သော ကာတွန်းများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များပါဝင်သည်။ ဤသုတေသနတွင် အလေ့လာခံ တစ်ကွက်ကောင်း ကာတွန်းများတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များပါဝင်သည်။ ကာတွန်းရေးဆွဲသူသည် မိမိပြောလိုသော အချက်များကို ကာတွန်းစာသားများတွင် နှစ်ဖက်သွားအနက်များဖြင့် ဖန်တီးပုံဖော်ရေးဆွဲကြ သည်။

## ၁။ သုတေသနအင်္ဂါရပ်များ

ဤစာတမ်းကို အောက်ပါ သုတေသနဆိုင်ရာ အချက်အလက်များနှင့်အညီ

(က) စာပေလေ့လာ ဆန်းစစ်ချက်

(ခ) သုတေသနမျှော်မှန်းရလဒ်နှင့်အသုံးဝင်ပုံ

(ဂ) သုတေသနမေးခွန်းနှင့် ပြဿနာ

ဟူ၍ ပြုစုထားပါသည်။

---

* မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်။

## (က) စာပေလေ့လာဆန်းစစ်ချက်

စာပေလေ့လာဆန်းစစ်မှုတွင် အနက်အဓိပ္ပာယ်ဆိုင်ရာ လေ့လာမှုနှင့်ပတ်သက်၍ ဒေါက်တာ မာလာ၏ ပါရဂူဘွဲ့အတွက် တင်သွင်းသော "မြန်မာဘာသာစကားရှိ အနက်အဓိပ္ပာယ် ဆက်သွယ်မှု သဘောကို အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း" ကျမ်းတွင်စကားလုံးများ၏ အနက်အဓိပ္ပာယ် ဆက်သွယ်မှုသဘော၊ အနက်တူရုပ်သွင် ကွဲခြင်း၊ ရုပ်သွင်တူအနက်ကွဲခြင်း၊ အနက်တစ်ခုထက်ပိုခြင်း၊ အနက်ဆန့်ကျင်ခြင်း၊ အနက်အကျုံးဝင်ခြင်း၊ အနက်အကျုံးမဝင်ခြင်းတို့ကို လေ့လာဖော်ထုတ်ထားပါ သည်။

ဒေါက်တာနီနီဝင်း၏ ပါရဂူဘွဲ့အတွက်တင်သွင်းသော "နေ့စဉ်သုံးမြန်မာဘာသာစကားရှိ ဂယက် အနက်ထင်သော စကားလုံးများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း" ကျမ်းတွင် နေ့စဉ်သုံးမြန်မာ ဘာသာစကားတွင် ဂုဏ်ရည်ပြ အနက်ထင်သော စကားလုံးများ၊ ခံစားမှုပြအနက်ထင်သော စကားလုံး များ၊ လူမှုအခြေအနေပြ အနက်ထင်သော စကားလုံးများ၊ ဒွန်တွဲအနက်ထင်သော စကားလုံးများ၊ နှစ်ဖက်သွား အနက် ထင်သောစကားလုံးများကို လေ့လာဖော်ထုတ်ထားသည်။

ဒေါက်တာအောင်ကျော်ထွန်း၏ ပါရဂူဘွဲ့အတွက်တင်သွင်းသော "ဂယက်အနက်နှင့် အတ္ထဗေဒ အမြင်"ကျမ်းတွင် အနက်ရိုး၊ တွဲဖက်အနက်နှင့် ဥပစာအနက်များကို စိစစ်၍ ဂယက်အနက်ကို သိပ္ပံ နည်းကျ ဝေဖန်စိစစ်ထားသည်။

ဒေါက်တာယုယုဝင်း၏ ပါရဂူဘွဲ့အတွက် တင်သွင်းသော "မြန်မာဘာသာစကားရှိ အနက်တူ ရုပ်သွင်ကွဲစကားလုံးများ" ကျမ်းတွင် မြန်မာဘာသာစကားရှိ အနက်တူရုပ်သွင်ကွဲ အမျိုးအစားများကို ဖော်ထုတ်တင်ပြထားသည်။

ဤသုတေသနတွင် အထက်ပါ လေ့လာမှုများမှ နှစ်ဖက်သွားအနက်ထွက်သော တစ်ကွက် ကောင်း ကာတွန်းများတွင်များကို ဖော်ထုတ်တင်ပြမည်ဖြစ်သည်။

## (ခ) သုတေသနမျှော်မှန်းရလဒ်နှင့် အသုံးဝင်ပုံ

ဤစာတမ်းသည် တစ်ကွက်ကောင်း ကားတွန်းများကို ဖန်တီးရာတွင် နှစ်ဖက်သွားအနက် ထွက်သော စကားများ၏ အရေးပါပုံကို ဖော်ပြထားသည်။ နှစ်ဖက်သွားအနက်ထွက်သော စကားများ သည် ခေတ်ကာလ အခြေအနေတို့ကို တစ်ကွက်ကောင်း ကာတွန်းအဖြစ် သရော်ရာတွင် အကောင်းဆုံး ဖြစ်သည်။ ထို့ပြင် နှစ်ဖက် သွားအနက်သည် တစ်ကွက်ကောင်း ဟာသများအဖြစ် ဖန်တီးရာတွင်လည်း အရေးပါသည်။ အထူးသဖြင့် နှစ်ဖက်သွားအနက်ဖြင့် ဟာသဖန်တီးပုံကိုလေ့လာသော သုတေသနများ ထွန်းကားလာရေး၊ လက်တွေ့ အသုံးချနိုင်ရေးတို့အတွက် မျှော်မှန်းပါသည်။ ထိုသို့အသုံးချလာနိုင်သည် နှင့်အမျှ ခေတ်ကာလကို ပြုပြင်ပေးသော၊ နိုင်ငံတော်အတွက် အကျိုးရှိသော တစ်ကွက်ကောင်း ကာတွန်းများ များစွာထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

**(ဂ) သုတေသနမေးခွန်းနှင့်ပြဿနာ**

- တစ်ကွက်ကောင်းကာတွန်းဆိုသည်မှာ အဘယ်နည်း။
- နှစ်ဖက်သွားအနက်ဆိုသည်မှာ အဘယ်နည်း။
- နှစ်ဖက်သွားအနက်ထွက်သော စကားများဖြင့် ဟာသကို မည်သို့ ဖန်တီးသနည်း။
- နှစ်ဖက်သွားအနက်ထင်ဟပ်သော စကားလုံးများကြောင့် လူမှုပတ်ဝန်းကျင်တွင် မည်သို့ အကျိုးသက်ရောက်သနည်း။

စသော မေးခွန်းများသည် ဤသုတေသနစာတမ်းနှင့် တိုက်ရိုက်သက်ဆိုင်သော မေးခွန်းများဖြစ်သည်။ အဓိကအားဖြင့် ဤစာတမ်းသည် တစ်ကွက်ကောင်းကာတွန်းများကို ဟာသရသမြောက်အောင် နှစ်ဖက်သွားအနက် ထွက်သောစကားများနှင့် မည်သို့ဖန်တီးထားကြောင်းဟူသော ပြဿနာတစ်ရပ်ပေါ် အခြေခံ၍ အတ္ထဗေဒ နည်းနာရှုထောင့်မှ ဖြေရှင်းထားခြင်းဖြစ်သည်။

**၂။ အလေ့လာခံ**

မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသည့် အကြောင်းကိစ္စရပ်များကို လူအများရုတ်တရက် သိမြင်ကြစေရန် ရုပ်ပြောင်များဖြင့် သရုပ်ဖော်ထားခြင်းများကို ရုပ်ပြောင်ကာတွန်းများ ဟုခေါ်သည်။ ရုပ်ပြောင်ကာတွန်းများကို တစ်ကွက်တည်းဖြင့်ဖြစ်စေ၊ တစ်ကွက်မကသော ရုပ်ပုံအများဖြင့်ဖြစ်စေ သရုပ်ဖော်လေ့ရှိကြသည်။ ရုပ်ပြောင်ကာတွန်းများမှာ လက်ရာကောင်းခြင်း၊ သရုပ်ပေါ်ခြင်းစသော ပန်းချီဂုဏ်မြောက်ရေး အတွက်သာမဟုတ် ကာတွန်းပါ စာသားများမှာလည်း ပရိသတ်အကြိုက်ဖြစ်ရန် လိုပေသည်။

ရုပ်ပြောင်ကာတွန်းများသည် အချိန်တစ်ချိန်အတွင်း၌ လူတို့၏ ထုံးစံဓလေ့များ၊ အပြုအမူများနှင့် နိုင်ငံရေးအခြေအနေများကို ဖော်ပြလေ့ရှိကြသဖြင့် ထိုရုပ်ပြောင် ကာတွန်းများကို အချို့က စုဆောင်းသည့် ဝါသနာများပင်ရှိကြသည်။ ပန်းချီကျောင်းများတွင်လည်း ရုပ်ပြောင်ကာတွန်း ရေးဆွဲခြင်းကို အထူးသင်တန်းများပေးကြသည်။ ဆေးရောင်ခြယ်နိုင်ငံရေး ရုပ်ပြောင်ကာတွန်းများသည် ဥရောပတိုက်၌ ၁၈၇၀ ပြည့်နှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ နှစ်များအတွင်းက ခေတ်စားခဲ့သည်။ အမေရိကန် ပြည်ထောင်စုတွင် ၁၈၇၀ ပြည့်နှစ်လွန်နှစ်များမှစတင်၍ ခေတ်စားခဲ့လေသည်။ ရုပ်ပြောင်ကာတွန်းများကိုအမှီပြု၍ ကာတွန်းရုပ်ရှင်များလည်း ပေါ်ပေါက်ခဲ့သည်။ ရုပ်ပြောင်ဆိုသည့်စကားတွင်-

- လူပြောင် ကယ်ရီကေးချား(Caricature)၊
- သတင်းပြောင် (Cartoon)၊
- ပုံပြောင် (Comic Strip)
- ရုပ်ရှင်ပြောင် (Animated Film Cartoon) များပါသည်။

ဤစာတမ်းတွင် ကယ်ရီကေးချား သဘောပါဝင်နေသည့် တစ်ကွက်ကောင်း ကာတွန်းများကိုသာ အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။

## ၃။ လေ့လာမှုနယ်ပယ်

မြန်မာနိုင်ငံတွင် ကာတွန်းခေါ် ရုပ်ပြောင် ရေးဆွဲသည့်အတတ်ပညာသည် နှစ်ပေါင်း (၁၀၀) ခန့် ရှိပြီဖြစ်သည်။ ပုံနှိပ်လုပ်ငန်းကို အကြောင်းပြု၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများပေါ်ထွန်းလာသည့် နည်းတူ ကာတွန်းပညာသည်လည်း တိုးတက်ထွန်းကားလာပေသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ကာတွန်းများ သူ့ကဏ္ဍနှင့်သူပါရှိကြသည့်နည်းတူ၊ ကာတွန်းဇာတ်လမ်းနှင့် ကာတွန်းညွှန့်ပေါင်း သဘောမျိုး သီးခြား ပုံနှိပ် ထုတ်ဝေသည့် ကာတွန်းစာအုပ်များလည်း ရှိပေသည်။ သီးခြားပုံနှိပ် ထုတ်ဝေသည့် ကာတွန်းနှင့် စီးပွားရေးဆိုင်ရာ ကြော်ငြာကာတွန်းများကို ဖယ်ထုတ်လိုက်ပါက လူမှုရေးနှင့် နိုင်ငံရေးသရုပ်ဖော် ကာတွန်းနှစ်မျိုး ကွဲထွက်လာသည်ကို တွေ့ရပေမည်။ လူမှုရေးကာတွန်းများသည် မဂ္ဂဇင်း၊ ဂျာနယ်များ အတွက် ပညာရှင်များက သတ်မှတ်ပြီး နိုင်ငံရေးကာတွန်းများသည် နေ့စဉ်ထုတ်သတင်းစာအတွက် ဖော်ပြလေ့ရှိသည်။

**<u>တစ်ကွက်ကောင်း ကာတွန်း</u>**

တစ်ကွက်ကောင်း ကာတွန်းဆိုသည်မှာ စာကြောင်းတစ်ကြောင်း သို့မဟုတ် ရုပ်ပြတစ်ကွက် တည်းဖြင့် ဖန်တီးထားသော ဟာသတစ်ခုဖြစ်သည်။ တစ်ကွက်ကောင်း ကာတွန်းသည် တိုသော်လည်း အဓိပ္ပာယ်များစွာ ဖော်ဆောင်နိုင်သည်။ ဟာသပညာရှင်များ၊ သရုပ်ဆောင်များသည် ဤဟာသနည်းလမ်း ကို ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုကြသည်။

https://en.wikipedia.org/wiki/One-line_joke

## ၄။ သုတေသနနည်းနာ

အတ္ထဗေဒသည် အနက်အဓိပ္ပာယ်ကို လေ့လာသောပညာရပ်ဖြစ်သည်။ အနက်အဓိပ္ပာယ်များကို လေ့လာသော အတ္ထဗေဒပညာရပ်တွင်

(၁) အမာခံအနက် (core meaning)

(၂) ဥပစာအနက် (figurative meaning)

(၃) ဂယက်အနက် (connotative meaning)

ဟူ၍ ဝေါဟာရများ၊ ဝါကျများကို အနက်အဓိပ္ပာယ်ကို လေ့လာကြသည့် နည်းလမ်း ၃ ခု ရှိသည်။ ယင်းတို့အနက် နှစ်ဖက်သွားအနက်သည် ဂယက်အနက်နှင့်သက်ဆိုင်သည်။ ဂယက်အနက်တွင် ဂုဏ်ရည် ပြအနက် (connotative meaning)၊ ခံစားမှုပြအနက် (effective meaning)၊ လူမှုအခြေ အနေပြအနက် (stylistic meaning)၊ ဒွန်တွဲအနက် (collocative) နှင့် နှစ်ဖက်သွားအနက် (reflected) တို့ ပါဝင်သည်။

သံတူကြောင်းကွဲ (Synonymous) ဝေါဟာရများကို အသုံးပြုပြီး နှစ်ဖက်သွားအနက် ဖန်တီး နိုင်သည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် စကားလုံးတစ်လုံး သို့မဟုတ် စကားစုတစ်ခုသည် အဓိပ္ပာယ် တစ်ခု ထက်ပိုသော သို့မဟုတ် အဓိပ္ပာယ်တစ်ခုနှင့်ဆက်စပ်နေသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ အရောင်ခြယ်ခြင်း နှင့် ကူးစက်ခြင်းဟုလည်းခေါ်သည်။ https://www.thoughtco.com › ...

**နှစ်ဖက်သွားအနက်**

နှစ်ဖက်သွားအနက်နှင့် ပတ်သက်၍ ဒေါက်တာခင်အေးက-

> "အနက်ရိုးတစ်ခုထက်ပိုသော စကားလုံးများတွင် အနက်တစ်ခုဖြင့်အသုံးပြုစဉ် အခြား အနက်တစ်ခုပါ ထွက်ပေါ်လာလျှင် ထိုအနက်ကို နှစ်ဖက်သွားအနက်ဟုခေါ်သည်။" (၂၀၀၄၊ စာ - ၉၀)

ဟု ဖွင့်ဆိုထားသည်။

မြန်မာဘာသာ စကား၌ရှိသော အချို့သောစကားလုံးတို့သည် အနက်အဓိပ္ပာယ်နှစ်မျိုး ထွက်၍ နှစ်မျိုးတွေးနိုင်သော စကားလုံးများဖြစ်ပါသည်။ ထိုကဲ့သို့သော စကားလုံးမျိုးကို 'အနက်ခွစကား' (သို့မဟုတ်) "နှစ်စွန်းထွက်စကား" ဟုခေါ်ပါသည်။ အနက်ခွစကားနှင့်ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ) က-

> "အနက်အဓိပ္ပာယ် နှစ်ခွထွက်သော စကားလုံးမျိုးကို အနက်ခွစကားလုံးဟု ဆိုလိုပါ သည်။" (၂၀၀၆၊ စာ - ၁၀၉)

ဟု ဖွင့်ဆိုထားပါသည်။ ဦးအေးချို(မဟာဝိဇ္ဇာ)ကမူ "နှစ်စွန်းထွက်စကား" နှင့် ပတ်သက်၍

> "နှစ်စွန်းထွက် စကားဆိုသည်မှာ စကားလုံး တစ်လုံးတည်းက အဓိပ္ပာယ်နှစ်ခွ တွေးနိုင် သောစကား၊ အဓိပ္ပာယ်အမျိုးမျိုးထွက်သော စကားမျိုးဖြစ်လေသည်"(၁၉၈၇၊ စာ - ၃၇၂)

ဟု ဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုချက်များအရဆိုသော် နှစ်ဖက်သွားအနက် စကားလုံးတို့သည် အသံထွက်တူ၍ အဓိပ္ပာယ်မှာ တစ်ခုမက ဖော်ဆောင်နိုင်သော စကားလုံးမျိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စကားလုံး တစ်လုံးသည် အဓိပ္ပာယ်နှစ်မျိုး(သို့) အဓိပ္ပာယ်အမျိုးမျိုးကို ဖော်ဆောင်နိုင်သော အာနိသင်ရှိပါသည်။ စာဆို၏စကားလုံးနိုင်နင်း ကျွမ်းကျင်မှုစွမ်းရည်ပေါ်မူတည်၍ နှစ်ဖက်သွားအနက် စကားလုံးတို့သည် အလွှာလွှာအထပ်ထပ်သော အနက်အဓိပ္ပာယ်တို့ကို ပေးစွမ်းလာနိုင်ကြောင်း တွေ့ရပါသည်။

**၅။ ချဉ်းကပ်လေ့လာမှု**

မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ကာတွန်းရေးဆွဲသူများက လူအများသိစေရန် တစ်ကွက်ကောင်းကာတွန်းများဖြင့် ဖော်ပြလေ့လရှိကြသည်၊ ကာတွန်းအမျိုးအစား

များစွာရှိသော်လည်း ဤသုတေသနတွင် လူမှုဘဝအခြေအနေကို ထင်ဟပ်သော တစ်ကွက်ကောင်း ကာတွန်းများကို ဖော်ထုတ်တင်ပြထားသည်။

**'ပေါင်း' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**



ကွန်ပျူတာသို့မဟုတ် မိုဘိုင်းဖုန်းတွင် ယူနီကုတ်ဖြင့်စာလုံးပေါင်း လေ့ကျင့်ရာ၌ 'ယောက္ခမ' ဟူသောစကားသည် ပါဠိဆင့်ဖြစ်သောကြောင့် စာရိုက်စတွင် အခက်အခဲရှိသည်။ 'ခယ်မ' ဟူသော စကားလုံးသည် ရိုးရှင်းသောကြောင့် ရိုက်ရလွယ်ကူသည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူက ယူနီကုတ်ဖြင့် 'ခယ်မ' ဟူသော စကားလုံးကို ဦးစွာပေါင်းတတ်ပြီဖြစ်ကြောင်း ဇနီးအားပြောခြင်း ဖြစ်သည်။ ခင်ပွန်း၏ စကားသည် အနက်နှစ်ခွ ဖြစ်သည်။

ထိုသို့ 'ပေါင်း' ဟူသောစကားဖြင့် နှစ်ဖက်သွားအနက် ပြုလုပ်ကာဟာသအဖြစ် ဖန်တီးလိုက်သောကြောင့် လူသဘာဝကို သရော်ထားသော ကာတွန်းအဖြစ် တွေ့ရသည်။

**'အသည်း' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**



ကိုယ်တွင်းအင်္ဂါ တစ်ခုဖြစ်သော 'အသည်း' နှင့် ခိုင်းနှိုင်းပြီး မိမိချစ်ခင် နှစ်သက်သောဇနီးသည်ကို 'အသည်း' ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ဆရာဝန်က အရက်သောက်လျှင် ခန္ဓာကိုယ်အတွင်းပိုင်းရှိ အသည်းကိုထိခိုက်နိုင်သောကြောင့် အသည်းကို ဂရုစိုက်သည့် အနေဖြင့် အရက်ကိုအလွန်အကျွံ မသောက်သင့်ကြောင်းမှာကြားပုံကို နားလည်မှုလွဲဟန်ဖြင့် ရေးဆွဲထားသည်။ မိမိဇနီး 'အသည်း' ကို ဂရုစိုက်ရမည်ဟု အနက်ခွနည်းဖြင့် ဟာသအဖြစ်ဖန်တီးထားခြင်း ဖြစ်သည်။

ထိုသို့ 'အသည်း' ဟူသောစကားဖြင့် နှစ်ဖက်သွား အနက်ပြုလုပ်ကာ ဟာသအဖြစ် ဖန်တီးလိုက်သောကြောင့် လူသဘာဝကို သရော်ထားသော ကာတွန်းအဖြစ်တွေ့ရသည်။ ထို့ပြင်အမျိုးသား၏ ခါးကြားတွင်ထိုးထားသော အရက်ပုလင်းကိုလည်း ကာတွန်းဖတ်သူ မြင်သာအောင် ဖော်ပြထားသည်။ လူတို့၏မကောင်းမှုတွင် သာယာတတ်သည့်သဘောကိုပါ သရော်ကာထည့်သွင်းရေးဆွဲထားသည်။

**'နိုင် ' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးထားခြင်း။**

**နိုင်** - ချီမရန် စွမ်းအားရှိသည်။ (၂၀၂၀၊ ၁၇၈)



ချီမရန်စွမ်းအားရှိသည်ဟူသော အဓိပ္ပာယ်ရသည့် 'နိုင်' နှင့် စီးပိုးနှိပ်နင်း ပြုမူသည်ဟူသော အဓိပ္ပာယ်ရသည့် 'နိုင်' တို့ကို အနက်ခွဖန်တီးထားသည်။ 'နိုင်' ဟူသည့်အသံတူ၊ ရုပ်သွင်တူ အနက်ကွဲဝေါဟာရဖြင့် လင်မယားနှစ်ယောက်၏ အိမ်ထောင်ရေး အခြေအနေတွင် အနက်ခွနည်းဖြင့် ဟာသအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ "ဘယ်ကောင်တွေလဲကွ ငါ့ကိုမိန်းမမနိုင်ဘူးလို့ ပြောတာ" ဟူသော စာတစ်ကြောင်းကို ထည့်သွင်းထားသည်။

ငင်းစာနှင့် ဆန့်ကျင့်အနက်ထွက်သော ရုပ်ပြောင်ပုံတွင် မိန်းမအား ချီမထားဟန် ရေးဆွဲထားသည်။ ထို့ကြောင့် 'နိုင်' ဟူသော နှစ်ဖက်သွား အနက်စကားဖြင့် သရော်သည့်သဘော သက်ရောက်စေရန် ဖန်တီးထားသည်။

**'ခြေထောက်စာ' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**



အမျိုးသားက သူငယ်ချင်းဖြစ်သူအား မိန်းမနိုင်ကြောင်း ကြွားဝါသည့်ဟန်ဖြင့် စာကြောင်းတစ်ကြောင်းတည်းရေးကာ ဖန်တီးထားသည်။ ရုပ်ပြောင်ပုံတွင်မူ အမျိုးသားက သူငယ်ချင်းအား ဖုန်းဆက်နေသော်လည်း မိန်းမဖြစ်သူကို နင်းပေးနေရဟန်ဖြင့် နှစ်ဖက်သွားအနက် ဖန်တီးကာ သရော်ထားသည်။ 'ခြေထောက်စာ' ဆိုသောစကားမှာ ခြေထောက်ဖြင့် ကန်ကျောက်မည်စိုးသောကြောင့် ပြားပြားမှောက်လောက်အောင် မိမိကို ကြောက်သည်ဟု ဆိုခြင်းဖြစ်သည်။

အရပ်သုံးစကားအဖြစ် "တုတ်စာမိ တော့မယ်၊ ငါ့လက်နဲ့ တွေ့တော့မယ်" စသည်ဖြင့် ပြောဆိုကြသည့် သဘောဖြစ်သည်။ လက်တွေ့တွင်မူ မိန်းမဖြစ်သူအား နင်းပေးနေရသည့်အတွက် 'ခြေထောက်စာ' ဆိုသောစကားမှာ မနိုင်ရဘဲကြောက်ရသူအဖြစ် အဓိပ္ပာယ်ရောက်သွားသည်။ ထိုသို့ 'ခြေထောက်စာ' ဟူသောစကားကို အသုံးပြုပြီး သရော်ဟန်ဖြင့် နှစ်ဖက်သွားအနက် ဖန်တီးထားသည်။

## 'ပေါင်' ဆိုသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။




အင်္ဂလန်နိုင်ငံသုံး ငွေကြေးဖြစ်သော စတာလင်ပေါင်နှင့် အပေါင်ဆိုင်တွင် ပေါင်၍သုံးခြင်းဟူသော 'ပေါင်' ဝေါဟာရနှစ်ခုကို အသံတူသော်လည်း အကြောင်းအရာအားဖြင့် ကွဲသည့်သဘော တစ်နည်းအားဖြင့် 'ပေါင်' ဝေါဟာရနှစ်ခုသည် စကားလုံးရုပ်သွင်တူသော်လည်း အနက်အဓိပ္ပာယ် ကွဲပြားသည့်သဘော ဖန်တီးထားခြင်းဖြစ်သည်။ ထိုသို့ နှစ်ဖက်စွန်း အနက်အဖြစ် ဖန်တီးထားသည့်အတွက် ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို အလွယ်တကူ သိရှိနိုင်ရန် မလွယ်ကူလှပေ။

ကာတွန်းရုပ်ပြတွင် လူတစ်ဦးက “ကျပ်ငွေလဲ မသုံးဘူး။ ဒေါ်လာလဲ မသုံးဘူး။ ယူရိုလဲ မသုံးဘူး။ ပေါင်ပဲသုံးတယ်” ဟုဆိုထားသည်။ ယင်းစကားအား ကြားသူအနေဖြင့် အင်္ဂလန်နိုင်ငံသုံး ငွေကြေး ဖြစ်သော စတာလင်ပေါင်ကို ဆိုလိုသည်ထင်ပေမည်။ သို့သော် ထိုသူ၏လက်ထဲ၌ မီးဖိုချောင် အသုံးအဆောင်ဖြစ်သော ချိုင့်နှင့်အိုးကို ကိုင်ထားသည်။ ထို့ပြင် ၎င်း၏နောက်ရှိဆိုင်ကိုလည်း အပေါင်ဆိုင်ဟု ရေးထိုးသေးသည်။ ထို့ကြောင့် ပေါင်ဆိုသောစကားမှာ ပေါင်နှံသုံးခြင်း ကိုဆိုလိုသော ဟာသသဘောဖြင့် ဖန်တီးထားသည့် နှစ်ဖက်သွား အနက်ဖြစ်သည်။

## 'တက်စာ' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။




'တက်စာ' ဆိုသည်မှာ အကြောတတ်စေသော၊ သွေးတက်စေသော၊ ဆီးချိုတက်စေသောစသည့် အသီး၊ အရွက်၊ အသား၊ ငါးများကို ခေါ်ဆို ခြင်းဖြစ်သည်။ ယင်း အစားအစာများကို ကျန်းမာရေးအရ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း အဓိပ္ပာယ်ဖြင့် ဆရာဝန်က လမ်းညွှန်သည်ကို ကုန်ပစ္စည်းများ ဈေးနှုန်းတက်နေသည့်အတွက် ဈေးကြီးသည့်၊ ဈေးတက်နေသည့် ‘တက်စာ’ များကိုသာ စားနေရကြောင်း အနက်ခွနည်းဖြင့် ဟာသအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။

နှစ်ဖက်စွန်း အနက်အဖြစ် ဖန်တီးထားပုံကို သိရှိနိုင်ရန်အတွက်လည်း ရုပ်ပြတွင် 'သွေးတိုး၊ တက်စာ' ဟူသော အသုံး'၊ 'ဈေးနှုန်း၊ တက်စာ၊ ကျစာ' ဟူသောအသုံးတို့ကို ပြထားသည့်အတွက် ကာတွန်းပရိတ်အနေဖြင့် 'တက်စာ' ဟူသောစကားကို အနက်ခွအနေဖြင့် ဟာသပြုလုပ်ကာ ခေတ်အခြေအနေအရ ပြဿနာတစ်ရပ်ကို သရော်ထားကြောင်း သိရှိနိုင်သည်။

**အခေါက် - အခေါက် ဆိုသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**



အခေါက်ရွှေ 'အခေါက်'နှင့် လူ၏ခန္ဓာကိုယ်ပေါ်၌ ဖုံးအုပ် နေသော အရေထူ 'အခေါက်' တို့ကို သံတူကြောင်းကွဲ ပြုလုပ်ကာ နှစ်ဖက်စွန်းအနက်အဖြစ် ဖန်တီးထားခြင်း ဖြစ်သည်။ ယောကျ်ား ဖြစ်သူက "မိန်းမရေ သူမျှားတွေ အခေါက်တွေ ဈေးတက်လို့ ထုတ်ရောင်းနေပြီတဲ့နော် မင်းရော" ဟု လှမ်းပြောလိုက်သည်။ သို့သော် ဇနီးကစကားပြန်မပြောချေ။ ကာတွန်းဆရာက 'အခေါက်' ဟူသောစကားကို ပန်းပင်ရေလောင်းနေသော အမျိုးသမီးဖြစ်သူ၏ အဆီများနေသော အန္ဓာကိုယ်ဖြင့် အခြား အနက်တစ်မျိုး ကောက်ယူနိုင် ဖန်တီးလိုက်သည်။

ထို့ကြောင့် ကာတွန်းပရိသတ်အနေဖြင့် အခေါက်ရွှေများ ဈေးကောင်းနေပုံ ခေတ်ကာလ အခြေအနေကို သရော်ထားမှန်း သိရှိနိုင်ခံစားသည်။

**'အချိန်' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**အချိန်** - နေ့၊ လ စသည် သတ်မှတ်ထားသော ကာလ။ (၂၀၂၀၊ ၃၇၆)

**အချိန်** - ချိန်ဝန်ပမာဏ။ အလေးချိန်။ (၂၀၂၀၊ ၃၇၆)




ရေချိုးရာတွင် ကျန်းမာရေးအတွက် အထူးလိုက်နာသင့် သော နံနက်၊ ည စသည်ဖြင့် အချိန်အခါများရှိသည်။ ရေချိုးသင့် သော အချိန်အခါနှင့် မကိုက်ညီဘဲချိုးမိပါက ဖျားနာတတ် သည်။ ၎င်းကိုရေချိုးမှားသည် ဟုလည်းဆိုကြသည်။ ဖော်ပြပါ ကာတွန်းတွင် ရေးချိုးမမှားစေရန် တတ်သိနားလည်သူ တစ်ဦးက သတိပေးဟန်ဖြင့် 'ရေကိုအချိန်နဲ့ချိုး နော်သမီး ဖျားမယ်' ဟု တစ်ကြောင်းကာတွန်းအဖြစ် ပုံဖော်ထားသည်။

သို့သော် ကာတွန်းပုံတွင် ရေထည့်ထားသော ဇလား(ပုံး)ကို အလေးချိန် ချိန်တွယ်ရာတွင် အသုံးပြုသော ကတ္တားခုံပေါ်၌ တင်ထားသည့်ပုံ ရေးဆွဲထားသည်။ ထို့ပြင် 'ကိုးပိဿာ' ဟုပါရေးထား သည့်အတွက် 'ရေကိုအလေးချိန်နှင့် ချိုးရမည်ဟူသော အခြားအနက်တစ်မျိုးသို့ သက်ရောက်သွားသည်။ ထိုသို့အချိန်နှင့် ချိုးရမည်ဟူသောစကားကို ကျန်းမာရေးအတွက် ရည်ရွယ်သလိုနှင့် ရေရှားနေသော ခေတ်ကာလတွင် ရေကိုချွေတာသုံးစွဲရန် သတိပေးသည့်အနေဖြင့် သရော်ထားသော အနက်ခွအသုံး ဖြစ်သည်။

**'ပူ' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**ပူ** - မကြာမကြာ အနှောင့်အယှက် ပြုသည်။ (၂၀၂၀၊ ၁၉၅)

**ပူ** - နေ၊ မီး စသည်တို့၏ အရှိန်နှင့် ထိတွေ့ခံစားရသည်။ (၂၀၂၀၊ ၁၉၅)



ခေတ်ကာလအရ ညအချိန်တွင် သူခိုးများ ဆူပူထကြွ သောင်းကျန်းနေသောကြောင့် အထူးဝီရိယရှိကြရန် သတိပေး သောသဘောဖြင့် 'သတိထား သူခိုးပူနေတယ်' ဟူ၍ တစ်ကြောင်းကာတွန်းဖြင့် ပြထားသည်။ သို့သော် ကာတွန်းပုံ တွင် ခါချလိုက်သော ဆေးလိပ်မီးဖွားမှာ အိမ်ဘေး၌ ဝပ်၍ချောင်း နေသော သူခိုး၏ ပြောင်နေသော ဦးခေါင်း ပေါ်သို့ကျနေသည့် အတွက် အတော်ခံစားနေရဟန် ပုံဖော် ရေးဆွဲထား သည်။

ထိုသို့ သူခိုးတို့ ဆူပူသည့်သဘောကို မီးဖွားထိခံရသဖြင့် ပူလောင်သဘောဖြင့် အနက်ခွပြုလုပ်ကာ အချောင်ခိုးစားသော ခိုးစားသောသူများအတွက် မသက်သာလှသည့် ခေတ်ကာလဖြစ်ကြောင်း ဟာသ သဘောဖြင့် သရော်ထားသော နှစ်ဖက်သွားအနက် ကာတွန်းဖြစ်သည်။

**'အကျိုး' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**အကျိုး** - အကြောင်းကြောင့် ဖြစ်ပေါ်လာသောအရာ။ (၂၀၂၀၊ ၃၇၂)

**အကျိုး** - အရိုးအဆစ်များ အပိုင်းပိုင်း ဖြစ်ထားသောသူ။ (၂၀၂၀၊ ၂၄)




အကျိုးအမြတ်ရလဒ်အဖြစ် သုံးစွဲကြသော 'အကျိုး' ဟူသော စကားနှင့် ခန္ဓာကိုယ်ထိခိုက်ခံရသည့်အတွက် အရိုးအဆစ်များ ကျိုးသွားသူ 'အကျိုး' ဟူသောစကားတို့ကို အနက်နှစ်ခွ ဖန်တီး ထားခြင်းဖြစ်သည်။ ဆိုင်ကယ်ကယ်ရီသမားက ဆိုင်ကယ် ငှားစီး သည့်ခရီးသည်ကို ပြောရာတွင် "ခင်ဗျားကိုဆိုင်ကယ် ကယ်ရီ ငှားတုန်းက အကျိုးမနည်းစေရဘူးလို့ ကြိုပြောပြီး သားနော်" ဟု တစ်ကြောင်းကာတွန်း ပြောဟန်ဖြင့် တစ်ကွက်ကောင်း ဖန်တီး ထားသည်။

သို့သော် ပြောဆိုသည့်နေရာသည် လူနာကုတင်ပေါ်တွင်ဖြစ်သည်။ ထို့ကြောင့် အကျိုးမနည်း စေရဘူး ဆိုသည့်စကားမှာ အကျိုးမြတ်အတွက် မဟုတ်ဘဲ ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖြစ်သော အရိုးအဆစ်များကျိုးခြင်းဖြစ်ကြောင်း တစ်ကိုယ်လုံး ပတ်တီးစည်းထားသည့်ပုံဖြင့် သရော်ထားသော နှစ်ဖက်သွားအနက် ကာတွန်းဖြစ်သည်။

**'ခွဲခြမ်းစိတ်ဖြာ' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**ခွဲခြမ်းစိတ်ဖြာ** - အခြမ်းခြမ်း အစိတ်စိတ်ဖြစ်အောင်၊ ကွဲအောင်ပြုလုပ်သည်။ (၂၀၂၀၊ ၆၃)

**မွှေနှောက်** - ရောနှောအောင်၊ သမအောင် ပြုလုပ်သည်။ (၂၀၂၀၊ ၃၇၂)




ခွဲခြမ်းစိတ်ဖြာဆိုသော စကား၏မူလအနက်မှာ အခြမ်းခြမ်း အစိတ်စိတ်ဖြစ်အောင်၊ ကွဲအောင်ပြုလုပ်ခြင်းဖြစ်သည်။ သို့သော် စာသုံးပေသုံးအနေဖြင့် လည်းကောင်း၊ သုတေသနပြုရာတွင် လည်းကောင်း စနစ်တကျ စိစစ်လေ့လာခြင်းကို ခွဲခြမ်းစိတ်ဖြာသည် ဟူ၍ဆိုကြသည်။ ထို့အတူ မွှေနှောက်သည် ဟူသော စကား၏ မူလအဓိပ္ပာယ်မှာလည်း ရောနှောအောင်၊ သမအောင် ပြုလုပ်သည်ဟူ၍ ဖြစ်သည်။

ယင်းကိုလည်း ပြဿနာတစ်ခုကို ဖြေရှင်းရာတွင် စိစစ်သေချာသည့် အနက်ဖြင့်သုံးခြင်း ဖြစ်သည်။ သို့သော်လည်း ကာတွန်းပုံတွင် မူလအနက်ထင်ရှားစေရန် ခွဲခြမ်းစိတ်ဖြာခြင်း၊ မွှေနှောက်ခြင်း တို့ကိုပြထားသည်။ ထိုသို့ 'ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မွှေနှောက်ခြင်း' တို့ကိုတစ်ဆင့်ပွားအနက်ဖြင့် လုပ်ငန်း ဆိုင်ရာတွင် သုံးစွဲနေကြသည်ကို ဟာသသဘောဖြင့် သံတူကြောင်းကွဲပြုကာ တစ်ကွက်ကောင်း ကာတွန်းရုပ်ပြောင် ဖန်တီးထားခြင်း ဖြစ်သည်။

**'ချက်ပေါက်' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**ချက်ပေါက်** - ဖေ့ဘုတ်တွင် တစ်ဦးနှင့်တစ်ဦး စကားပြောဆက်သွယ်သော နေရာ။ (၂၀၂၀၊ ၃၇၂)
**ချက်ပေါက်** - လူ၏ ဝမ်းဗိုက်ရှိ အင်္ဂါအစိတ်အပိုင်း တစ်ခု။ (၂၀၂၀၊ ၃၇၂)



နည်းပညာ တိုးတက်လာသောခေတ်တွင် တစ်ဦးနှင့်တစ်ဦး စကား ပြောဆိုခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများကို အွန်လိုင်းမှ တစ်ဆင့်ပြုလုပ်လာကြသည်။ ထိုသို့ဆက်သွယ် ရာတွင် ဖေ့ဘုတ် ၌စကားပြော ဆက်သွယ်သောနေရာကို 'ချက်ပေါက်' ဟု၍ ခေါ်ကြသည်။ ထိုအခေါ်အဝေါ်ကို သရော်သည့်အနေဖြင့် လူ၏ ဝမ်းဗိုက်ရှိချက်ပေါက်နှင့် သံတူကြောင်းကွဲပြုလုပ်ကာ နှစ်ဖက် သွားအနက်အဖြစ် ဖန်တီးထားခြင်းဖြစ်သည်။

ကာတွန်းပုံတွင် "ချက်ပေါက်ကနေ ပုံတွေစာတွေ ပို့လို့ရတယ်ဆို မှန်းစမ်းငါ့တူမကြီးရဲ့ ချက်ပေါက်" ဟု ဘကြီးတစ်ယောက်က အဝတ်အစားမလုံမလဲ ဝတ်ထားသော မိန်းကလေးတစ်ဦးကို မေးသည့်သဘောဖြင့် အနက်ခွနည်းပြုလုပ်ကာ သရော်ဟန် ဖန်တီးထားသည်။

**'ဆေးနည်း' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**ဆေးနည်း** - သောက်သုံးရန်၊ ဖော်စပ်ရန် ဆေးညွှန်း။

**ဆေးနည်း** - ပန်းကန်ခွက်ယောက်များအား ဆေးကြောသည့်နည်း။




လူမှုဝန်းကျင်တွင် သုံးရိုးသုံးလေ့ရှိသော စကားဖြစ်သည့် ဆေးနည်း ဆိုသည်မှာ ကျန်းမာရေးအတွက် သောက်သုံးရမည့် ဆေး သို့မဟုတ် ဖော်စပ်ရမည့် ဆေးအား နည်းလမ်းပေးသော ဆေးညွှန်းဖြစ်သည်။ ယင်းဝေါဟာရကို ဟာသအနေဖြင့် ပန်းကန်ခွက်ယောက်များအား ဆေးကြောသည့်နည်းနှင့် နှစ်ဖက်စွန်း အနက်ပြုလုပ်ကာ ဟာသအဖြစ် တစ်ကြောင်းကာတွန်း ဖန်တီးထားခြင်း ဖြစ်သည်။

ကာတွန်းပုံတွင် မိန်းမဖြစ်သူက "ယောကျ်ားက ဆရာဝန်မဟုတ်ပေမယ့် ဆေးနည်းတွေ အကုန်သိတယ်ရှင့်" ဟူ၍ ဆိုထားသည့်အတွက် ကျန်းမာရေးအတွက် ဆေးနည်းဟု ထင်မြင်နိုင်သော်လည်း ပုံတွင်ယောကျ်ားဖြစ်သူက ပန်းကန်ဆေးနေသည့်ပုံကို ဖော်ပြထားသည့်အတွက် နှစ်ဖက်သွားအနက်ဖြစ်သွားပြီး ဟာသမြောက်သော တစ်ကွက်ကောင်းကာတွန်း ဖြစ်လာသည်။

**'ပုံနှိပ်' ဟူသော ဝေါဟာရဖြင့် နှစ်ဖက်သွားအနက် ဖန်တီးခြင်း။**

**ပုံနှိပ်** - ခဲစာလုံးစသည်ကို မင်သုတ်၍ စက္ကူပေါ်တွင် ရိုက်သည်/ (၂၀၂၀၊ ၂၀၈)



ပုံနှိပ်ခြင်းဆိုသည်မှာ အတတ်ပညာဖြင့် ဖန်တီးရသော လုပ်ငန်း တစ်ရပ်ဖြစ်သည်။ ခဲစာလုံးစသည်ကို မင်သုတ်၍ စက္ကူပေါ်တွင် ရိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စာအုပ်ထုတ်သည့် လုပ်ငန်းဖြစ်သည်။ ထိုသို့ပုံနှိပ်ခြင်းကို အကြောင်းပြုပြီး နည်းပညာ တိုးတက်လာသော ခေတ်တွင်အသစ်အဆန်းများကို စမ်းသပ်လိုသောသူများသည် ဖေ့ဘုတ်ပေါ်တွင် ပုံများကို လက်ဖြင့်နှိပ်ပြီး တင်တတ်သည့် သဘောကို သရော်ထားသော တစ်ကွက်ကောင်း ကာတွန်းဖြစ်သည်။

ကာတွန်းပုံတွင် လူနှစ်ယောက်က အခြားတစ်ယောက်အကြောင်း ပြောနေပုံဖန်တီးထားသည်။ နှစ်ဦးအနက် တစ်ဦးက "သူက ပုံနှိပ်စက်ပိုင်ရှင်ကွ" ဟုဆိုလိုက်ရာ ကြားရသူက သူ့ကိုလုပ်ငန်းရှင်ဟု ဆိုသည်ကြောင်း အထင်ရောက်သွားပုံ ဖန်တီးထားသည်။ သို့သော် "ဖေ့ဘုတ်ပေါ်မှာ သူ့ပုံတွေတင်ပြီး နှိပ်စက်နေလို့လေ" ဟု သရော်လိုက်သည့်ဟန်ဖြင့် နှစ်ဖက်သွားအနက် သက်ရောက်သော တစ်ကွက် ကောင်းကာတွန်း ဖန်တီးထားသည်။

## ၆။ ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် တစ်ကွက်ကောင်းကာတွန်းများတွင် တွေ့ရသော နှစ်ဖက်သွားအနက်များဖြင့် ဟာသ ဖန်တီးထားပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်သည်။

"ပေါင်း"၊ "အသည်း"၊ "နိုင်"၊ "ခြေထောက်စာ"၊ "ပေါင်"၊ "အခေါက်"၊ "အချိန်"၊ "ပူ"၊ "အကျိုး"၊ "ချက်ပေါက်"၊ "ဆေးနည်း" ဟူသည့် စကားလုံးများတွင် ကာတွန်းဖန်တီးသူသည် တစ်ကြောင်းစာဖြင့် ဖော်ပြထားသော်လည်း တစ်ဖက်တွင် ကာတွန်းရုပ်ပုံဖြင့် နှစ်ဖက်သွားအနက်ကို ထင်စေသည်။ ဤသည်မှာ လူတို့၏သဘောသဘာဝကို ဖော်ပြသော ကာတွန်းရေးဆွဲသူတို့၏ ဖန်တီးမှုပင်ဖြစ်သည်။

"တက်စာ"၊ "ပုံနှိပ်စက်" ဟူသော စကားလုံးများတွင် ကာတွန်းဇာတ်ဆောင်တို့၏ အပြောစကားဖြင့် ပြန်လည်ရှင်းပြပုံ ရေးဆွဲထားသည်။

"ခွဲခြမ်းစိတ်ဖြာ၊ မွှေနှောက်" ဟူသော ဝေါဟာရသည် ကာတွန်းဇာတ်ဆောင်တို့၏ အပြုအမူဖြင့် သံတူကြောင်းကွဲကို ရေးဆွဲထားသည်ကို တွေ့ရသည်။

တစ်ကွက်ကောင်းကာတွန်းများသည် နှစ်ဖက်သွားအနက်များသာမက လူတို့၏သဘော သဘာဝများ၊ ခေတ်၏ အခြေအနေများကိုပါ သရော်ကာ ရေးဆွဲပြနိုင်သည်ကို တွေ့ရသည်။

## နိဂုံး

တစ်ကွက်ကောင်းကာတွန်းများတွင် နှစ်ဖက်သွားအနက်ဖြင့် ဟာသဖန်တီးရာ၌ ဟာသသဘော သာမက လူတို့၏သဘောသဘာဝများ၊ ပတ်ဝန်းကျင်အခြေအနေများ၊ ခေတ်ကိုထင်ဟပ်သော အခြေအနေများ ပါဝင်နေသည်ကို တွေ့ရသည်။ ဤစာတမ်းသည် နှစ်ဖက်သွားအနက် စကားလုံးများကို အသုံးပြုပြီး တစ်ကွက် ကောင်းကာတွန်းများ ဖန်တီးသွားပုံကို သုတေသနပြုထားခဲ့ခြင်းဖြစ်သည်။ တစ်ကွက်ကောင်း ကာတွန်းများအနက် နှစ်ဖက်သွားအနက်သဘော သက်ရောက်သော ကာတွန်းများကိုသာ ရွေးချယ်ကောက်နုတ် တင်ပြခဲ့ခြင်းဖြစ်သည်။ တစ်ကွက်ကောင်း ကာတွန်းများနှင့်ပတ်သက်ပြီး ဆက်လက်လေ့လာသုတေသန ပြုစရာများစွာ ကျန်နေပါသေးသည်။

## ကျမ်းကိုးစာရင်း

**မြန်မာဘာသာ**

ခရီးဆောင်မြန်မာအဘိဓာန်။ (၂၀၂၀)။ ရန်ကုန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၀)။ လက်တွေ့အတ္ထဗေဒ နိဒါန်း။ ရန်ကုန်၊ ဆန်းသဇင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၀၄)။ အတ္ထဗေဒ နိဒါန်း။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၀၆)။ စကား၊ စာ၊ အလင်္ကာ။ ရန်ကုန်၊ ညီညီစာပေ။

အေးချို၊ မဟာဝိဇ္ဇာ။ (၁၉၈၇)။ မြန်မာစကား။ ရန်ကုန်၊ စာပေဗိမာန်။

**အင်္ဂလိပ်ဘာသာ**

- **Definition and Examples of Reflected Meaning - ThoughtCo**
  https://www.thoughtco.com › ...
- https://en.wikipedia.org/wiki/One-line_joke